Myanmar Centre for Responsible Business

# ခရီးသွားလုပ်ငန်းကဏ္ဍ၏သက်ရောက်မှုများအားလေ့လာစမ်းစစ်ခြင်း

# (Sector Wide Impact Assessment - SWIA)

## မူကြမ်းနှင့်ပတ်သက်၍ဆွေးနွေးအကြံပြုချက်များတောင်းခံခြင်း

## အကျဉ်းချုပ်

၂၀၁၄ခုနှစ်၊ ဩဂုတ်လ၊ (၂၅)၊ (၂၆)၊ (၂၇) ရက်နေ့

ရန်ကုန်

## (၁) မာတိကာ


(၂) ဆွေးနွေးအကြံဉာဏ်ရယူပွဲ၏နောက်ခံအကြောင်း...... ၃

(က) စီးပွားရေးလုပ်ငန်းများ၏သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း (SWIA) ဆောင်ရွက်ပုံအဆင့်ဆင့်...... ၃

(ခ) ၂၀၁၄ခုနှစ်၊ဩဂုတ်လ၊ ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်သူများထံမှ ဆွေးနွေးအကြံဉာဏ်ရယူခြင်း...... ၃

(၃) ပထမနေ့: စီးပွားရေးလုပ်ငန်းများနှင့် ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း...... ၄

(က) ကဏ္ဍအဆင့်သက်ရောက်မှုများ...... ၄

၁။ အထွေထွေ အကြံပြုချက်ဆွေးနွေးများ...... ၄

၂။ တက်ရောက်လာသူများ၏ အကြံပြုချက်များ...... ၅

(ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများအားလေ့လာသောအဆင့် များသက်ရောက်မှုများ...... ၇

၁။ အထွေထွေအကြံပြုဆွေးနွေးချက်များ...... ၇

၂။ တက်ရောက်လာသူများမှ အကြံပြုချက်များ...... ၇

(ဂ) တိုင်းရင်းသားဒေသများအတွင်းရှိ ခရီးသွားလုပ်ငန်း...... ၁၀

၁။ တက်ရောက်လာကြသူများ၏ အကြံပြုချက်ဆွေးနွေးချက်များ...... ၁၀

(၄) ဒုတိယနေ့: နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့်ဆွေးနွေးခြင်း၊အကြံဉာဏ်ရယူခြင်း...... ၁၁

(က) ကဏ္ဍအဆင့် သက်ရောက်မှုများ...... ၁၁

၁။ အထွေထွေ ဆွေးနွေးချက်များ...... ၁၁

၂။ တက်ရောက်လာသူများ၏ အကြံပြုချက်များ...... ၁၂

(ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများအားလေ့လာသောအဆင့် များသက်ရောက်မှုများ...... ၁၅

၁။ အထွေထွေ သုံးသပ်ချက်များ...... ၁၅

၂။ တက်ရောက်လာသူများ၏အကြံပြုချက်များ...... ၁၅

(ဂ) တိုင်းရင်းသားဒေသများအတွင်းရှိ ခရီးသွားလုပ်ငန်း...... ၁၆

၁။ အထွေထွေသုံးသပ်ချက်များ...... ၁၆

၂။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ...... ၁၆

(၅) တတိယနေ့: မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများနှင့်ဆွေးနွေးခြင်း၊အကြံဉာဏ်ရယူခြင်း...... ၁၇

(က) ကဏ္ဍအဆင့် သက်ရောက်မှုများ...... ၁၇

၁။ အထွေထွေ အကြံပြုချက်များ...... ၁၇

၂။ တက်ရောက်လာသူများမှအကြံပြုချက်များ...... ၁၇

(ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများလားလေ့လာသောအဆင့် များသက်ရောက်မှုများ...... ၁၈

၁။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ...... ၁၈

(ဂ) တိုင်းရင်းသားဒေသများအတွင်းရှိ ခရီးသွားလုပ်ငန်း...... ၁၉

## (၂) ဆွေးနွေးအကြံဉာဏ်ရယူပွဲ၏နောက်ခံအကြောင်း

### (က) စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအား ကဏ္ဍအလိုက်လေ့လာဆန်းစစ်ခြင်း (SWIA) ဆောင်ရွက်ပုံ အခြေခံ။

ခရီးသွားလုပ်ငန်းကဏ္ဍ၏သက်ရောက်မှုများအားလေ့လာဆန်းစစ်ခြင်းအားမြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍ၏ သက်ရောက်မှုများကြောင့် မြန်မာ့လူ့အဖွဲ့အစည်းပေါ်သက်ရောက်မှုများ၊အနာဂါတ်တွင်ဖြစ်ပေါ်လာနိုင်ဖွယ် ရှိသောသက်ရောက်မှုများအားကျယ်ကျယ်ပြန့်ပြန့် လေ့လာတင်ပြရန်အတွက်ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ထိုတင်ပြချက်များသည် အစိုးရ၊ လွှတ်တော်၊ စီးပွားရေးလုပ်ငန်း၊ အရပ်ဘက်အဖွဲ့အစည်း၊ ဒေသရပ်ရွာလူထု၊အလုပ်သမားသမဂ္ဂ၊ သတင်းမီဒီယာများစသည့်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာ၊ပုဂ္ဂိုလ်များအတွက်လည်းရည်ရွယ်သည်။ ထိုသို့လေ့လာတင်ပြရာတွင် SWIA သည်စီမံကိန်းအသစ်များတွင် ဖြစ်ပေါ်လာနိုင်သောသက်ရောက်မှုများ၊ အဓိကအားဖြင့်လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများအား ကြိုတင်မှန်းဆသတိပေးနိုင်ရန်အတွက် လက်ရှိလုပ်ကိုင်ဆောင်ရွက်နေသော စီမံကိန်းများမှသက်ရောက်မှုများအား အဓိကထား၍လေ့လာခဲ့ပါသည်။ SWIA သည် "အမည်ဖော်ထုတ်၍ အပြစ်တင်ပြောဆိုခြင်းနှင့် အရှက်ရစေခြင်း" စာတမ်းတစ်ခုမဟုတ်ပေ။ ဤဆန်းစစ်မှုသည်ပါဝင်ပတ်သက်နေသူများ၏ အမည်များအား ထုတ်ဖော်ခြင်းမရှိသောလေ့လာဆန်းစစ်မှုတစ်ရပ်ဖြစ်သော်လည်း လေ့လာတွေ့ရှိချက်သင်ခန်းစာများမှ သင်ယူ၍မြန်မာ့ခရီးသွားလုပ်ငန်းကဏ္ဍဆိုင်ရာမူဝါဒ၊ မူဘောင်များ၊ အလေ့အထများအားပိုမိုကောင်းမွန်စွာပုံဖော်နိုင်အတွက်ရည်ရွယ်ပါသည်။ ထို့အပြင်လူ့အဖွဲ့အစည်းအပေါ်သို့ ကျရောက်သောကုမ္ပဏီများအား၏ ဆိုးကျိုးသက်ရောက်မှုများအား လျှော့ချရန်အတွက်အထောက်အကူပြုရန်လည်း ရည်ရွယ်သည်။ ဤကဏ္ဍနှင့်ဆိုင်သောအစိုးရဥပဒေနှင့်မူဝါဒများ ပြင်ဆင်ချမှတ်ရန်အတွက် အထောက်အကူပြုစေလိုသည်။ ဒေသရပ်ရွာလူထု၊ အရပ်ဘက်လူ့အဖွဲ့အစည်းများအား ခရီးသွားလုပ်ငန်းကုမ္ပဏီများနှင့် ဆက်သွယ်ဆွေးနွေးရာတွင်လိုအပ်သော သတင်းအချက်အလက်များအား ပေးနိုင်ရန်လည်းရည်ရွယ်သည်။

### (ခ) ၂၀၁၄ခုနှစ်၊ ဩဂုတ်လ - ခရီးသွားလုပ်ငန်းကဏ္ဍနှင့် ပတ်သက်သူများထံမှဆွေးနွေး အကြံဉာဏ်ရယူခြင်း

MCRB မှ ၂၀၁၄ခုနှစ်၊ မတ်လ (၂၄)၊(၂၅)၊(၂၆) ရက်နေ့များတွင် ဆွေးနွေးအကြံဉာဏ်ရယူပွဲ (၃) ကြိမ်ပြုလုပ်ခဲ့ပြီး ပါဝင်ပတ်သက်သူ (stakeholder) စုစုပေါင်း (၈၆) ဦးတက်ရောက်ခဲ့ပါသည်။

| | |
|---|---|
| ပထမနေ့: | စီးပွားရေးလုပ်ငန်းရှင်များ (အများစုမှာခရီးသွားလုပ်ငန်းဝန်ဆောင်မှုပေးသောကုမ္ပဏီများ)<br>တက်ရောက်သူ (၂၅) ဦး။ |
| ဒုတိယနေ့: | နိုင်ငံတကာမှကျွမ်းကျင်ပညာရှင်များ၊ အပြည်ပြည်ဆိုင်ရာအရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သံရုံးများ။<br>တက်ရောက်သူ (၃၃) ဦး။ |
| တတိယနေ့: | မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများနှင့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများ။<br>တက်ရောက်သူ (၂၄) ဦး။ |

ဤဆွေးနွေးအကြံဉာဏ်ရယူခြင်းပွဲများတွင် SWIA ကွင်းဆင်းသုတေသနမှ လေ့လာတွေ့ရှိချက်များအား အဓိကထားဆွေးနွေးခဲ့ကြပြီး တွေ့ရှိချက်အကျဉ်းချုပ် (Tourism SWIA Final Report တွင်လည်းထည့်သွင်းမည်) ကိုလည်းဆွေးနွေးပွဲမပြုလုပ်မီ ကြိုတင်ထုတ်ဝေခဲ့ပြီး ၎င်းလေ့လာတွေ့ရှိချက် စာမူကြမ်း အားလည်း MCRB ဝက်(ဘ်)ဆိုဒ် တွင်ကြည့်ရှုနိုင်ပါသည်။ [1] ဆွေးနွေးပွဲများတွင် အသုံးပြုတင်ပြခဲ့သော Powerpoint Slide များကိုလည်း MCRB ဝက်(ဘ်)ဆိုဒ်တွင် တင်ရှိထားပြီး ဖြစ်ပါသည်။ တစ်နှစ်အတွင်း လာရောက်လည်ပတ်ခဲ့သော ခရီးသွားဧည့်သည်များထံမှ ဖြေကြားထားသော ကနဦးအွန်လိုင်းစစ်တမ်းမှ တွေ့ရှိချက်များအားလည်း ထည့်သွင်းဖော်ပြထားပြီး ထိုမေးခွန်းလွှာအား ၂၀၁၄ခုနှစ်၊ အောက်တိုဘာလ (၂၅)ရက်နေ့အထိ ကောက်ခံသွားမည်ဖြစ်ပါသည်။[2])

ဆွေးနွေးအကြံဉာဏ်ရယူပွဲသို့တက်ရောက်သူများမှအောက်ပါအကြောင်းအရာများအားဆွေးနွေးခဲ့သည်။

(၁) ဤလေ့လာတွေ့ရှိချက်များသည် သင့်လျော်ပြည့်စုံမှုရှိပါသလား။ အဓိကအကြောင်းအရာများ (key issue) အားထည့်သွင်းဖော်ပြရန် ကျန်ရှိခဲ့သည်များရှိပါသလား။ လွဲမှားစွာဖော်ပြခဲ့သော အကြောင်းအရာ များရှိခဲ့ပါသလား။

(၂) တက်ရောက်လာသူတို့မှအစိုးရ၊ ကုမ္ပဏီနှင့် အခြားပါဝင်ပတ်သက်သူများကိုမည်ကဲ့သို့သော အကြံပြု ချက်များအား အဓိကထားပေးလိုပါသနည်း။ မည်သူကဆောင်ရွက်ရန်လိုပါသနည်း။

(၃) အစိုးရဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ NGOများနှင့်အခြား လုပ်ဆောင်နေကြသူများမှ ချိတ်ဆက်ပူးပေါင်း၍ ဆောင်ရွက်လုပ်ကိုင်နေသော ကနဦးလုပ်ငန်းများ (Linked Initiatives) ရှိပါသလား။

ဤ ဆွေးနွေးပွဲအား SWIA သုတေသနတွင်လေ့လာခဲ့သော အဆင့်(၃) ဆင့်ဖြင့်ဖော်ပြထားသည်။

(၁) ကဏ္ဍတစ်ခုလုံးအား ခြုံငုံလေ့လာသောအဆင့် (aggregate level)၊ (၂) စုပေါင်းသက်ရောက်မှုအား လေ့လာသောအဆင့်၊ (cumulative level) (၃) စီမံကိန်းအဆင့် (sector level) တို့ဖြစ်ပြီး တိုင်းရင်းသား လူနည်းစု နေထိုင်ရာဒေသတွင်းရှိ ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍လည်း ထည့်သွင်းဖော်ပြ ထားပါသည်။

## (၃) ပထမနေ့: စီးပွားရေးလုပ်ငန်းများနှင့် ဆွေးနွေးခြင်း၊ အကြံဉာဏ်ရယူခြင်း

### (က) ကဏ္ဍအဆင့် သက်ရောက်မှုများ

**၁။ အထွေထွေ ဆွေးနွေးချက်များ**

- တက်ရောက်ဆွေးနွေးကျသူများမှ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ခရီးသွားလာရေး လုပ်ငန်းဆိုင်ရာရေတိုစီမံကိန်းနှင့် ရေရှည်စီမံကိန်းများအား ချမှတ်ထားရှိကြောင်းနှင့် ထိုစီမံကိန်းများ

[1] http://www.myanmar-responsiblebusiness.org/news/assessing-impacts-of-business-sectors-on-myanmar-society.html
[2] http://www.myanmar-responsiblebusiness.org/news/recent-tourists-survey.html

သည်အပြုသဘောဆောင်ပြီး ခရီးသွားလာရေးလုပ်ငန်းကဏ္ဍအားရေရှည်တည့်တံခိုင်မြဲစေနိုင်လိမ့်မည် ဟုမျှော်လင့်ကြသည်။

- ခရီးသွားလုပ်ငန်း ရေရှည်တန့်တံ့ခိုင်မြဲစေရန်အတွက် သဘာဝပတ်ဝန်းကျင်၊မြန်မာ့ယဥ်ကျေးမှုအမွေ အနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းတို့သည်ေ ရရှည်တည်တံ့သော ခရီးသွာလုပ်ငန်း ဖြစ်စေရန်အတွက် မရှိမဖြစ်အရေးပါသည်။
- ခရီးသွားလုပ်ငန်းကြောင့်ဒေသ၏ ပညာရေးတိုးတက်မှုအပေါ်တွင် ဆိုးကျိုးသက်ရောက်များ ရှိနေ ကြောင်းဆွေးနွေးဖော်ပြကြသည်။ ဥပမာအားဖြင့် ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းကြောင့်ကလေး များငွေလွယ်ကူစွာရှာဖွေနိုင်သောကြောင့် ကျောင်းပညာသင်ကြားရမည့်အစား ငွေရှာရန်တွန်းအားပေး သကဲ့သို့ဖြစ်ခြင်း (ဥပမာ-ပို့စကဒ်များရောင်းခြင်း)၊ ဒေသတွင်းခရီးသွားလုပ်ငန်းများ၌ အလုပ် လုပ်ကိုင်ရန် အခွင့်အရေးများရှိလာသောကြောင့် ကျောင်းသားများကျောင်းပညာရေးတွင် စိတ်ဝင်စားမှုလျော့နည်းလာခြင်းကြောင့်၊ ထို့ကြောင့် နိုင်ငံ၏စီးပွားဖွံ့ဖြိုးတိုးတက်မှုအအတွက် လိုအပ် သောအခြားသောအပညာရပ်များအား လေ့လာရန်စိတ်ဝင်စားမှုလျော့နည်းခြင်း (ဥပမာ- ဆေးပညာ၊ စက်မှုအင်ဂျင်နီယာ) များရှိသည်။
- MCRB သည်ကောင်းကျိုး၊ဆိုးကျိုးသက်ရောက်မှုများဆိုင်ရာနှင့် ပတ်သက်၍ခရီးသွားလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ ထင်မြင်ယူဆချက်များအားလည်းရယူရန် အကြံပြုသည်။ ပြည်တွင်း ခရီးသွားလုပ်ငန်း ၊ပြည်တွင်းဘုရားဖူးခရီးစဉ်များအတွက် ဝန်ဆောင်မှုပေးသော ကုမ္ပဏီများနှင့်လည်း တွေ့ဆုံ၍တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဆွေးနွေးမေးမြန်းရန်လည်း အကြံပြု ကြသည်။
- ဟိုတယ်ဇုန်ဧရိယာအတွင်းမှ မြေယာများအား ခရီးသွားလုပ်ငန်းအပေါ် စိတ်ဝင်စားမှုမရှိသော စီးပွားရေး လုပ်ငန်းများမှ သိမ်းယူခဲ့ပြီးထိုသူများသည် နိုင်ငံတကာဟိုတယ်များထံသို့ မြေယာများအား ပြန်လည်ရောင်းချရန် ပို၍စိတ်ဝင်စားကြကြောင်း၊ ဟိုတယ်ဇုန်အတွင်းတွင် ဟိုတယ်များသာ တည်ဆောက်ရန် သတ်မှတ်ထားသောကြောင့် ဒေသခံများမှအရင်းအနှီးတတ်နိုင်သောဧည့်ရိပ်သာငယ် များအားဇုန်အတွင်းတည်ဆောက်ခြင်းမှ ကန့်သတ်ထားခြင်းကိုဖြစ်စေပြီး ဒေသခံများအား ဟိုတယ်ဇုန် များအတွင်း ဟိုတယ်ပိုင်ရှင်အဖြစ်လုပ်ကိုင်ခြင်းထက် အခြားဟိုတယ်များတွင် ဝန်ထမ်းအဖြစ်သာ လုပ်ကိုင်ရန်အခြေအနေပေးပါသည်။

ပထမနေ့ဆွေးနွေးအကြံဉာဏ်ရယူပွဲသို့ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းမှ ပုဂ္ဂိုလ်များသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာသက်ရောက်မှုများကို ပိုမိုစိတ်ဝင်စားမှုများပြီး တက်ကြွစွာဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

## ၂။ တက်ရောက်လာသူများမှ အကြံပြုချက်များ

### စီမံကိန်းနှင့်ပါဝင်ပတ်သက်သူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း/ မြေယာများနှင့် ဟိုတယ်ဇုန်များ

- ရင်းနှီးမြုပ်နှံသူများ ၊ဒေသခံပြည်သူများ နှစ်ဦးနှစ်ဘက်စလုံး၌ လုံခြုံမှုရှိစေရန်အစိုးရအနေဖြင့်မြေယာ လျော်ကြေးပေးချေခြင်း အပါအဝင်မြေယာရယူခြင်းဆိုင်ရာ အခွင့်အရေးများ၊ဥပဒေမူဘောင်များအား ရှင်းလင်းသေချာစွာ ဖော်ပြသင့်သည်။

- ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း မြေယာများရယူခြင်းနှင့် အဆောက်အဦးများတည်ဆောက်ခြင်းနှင့် ပတ်သက်သောအဂတိလိုက်စားမှုများအား ထုတ်ဖော်ပြောဆိုဖြေရှင်းရန်လိုအပ်သည်။

## သဘာဝဘေးပတ်ဝန်းကျင်

- သစ်တောရေးရာဌာနသည်ကာကွယ်ထားသောနယ်မြေများ (protected areas) အားပိုမိုထိရောက်စွာ ကာကွယ်စောင့်ရှောက်သင့်သည်။
- ယဉ်ကျေးမှုအမွေအနှစ်များအား ထိန်းသိမ်းစောင့်ရှောက်ခြင်းသာမက၊ သဘာဝပတ်ဝန်းကျင် အမွေအနှစ်များ အားထိန်းသိမ်းစောင့်ရှောက်ခြင်းကိုလည်း တိုးမြှင့်လုပ်ဆောင်သင့်သည်။
- ဇီဝမျိုးကွဲစုံလင်မှု (Biodiversity) အားထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ မည်သည့်လုပ်ဆောင်မှုများက ဥပဒေအရပြစ်မှုမြောက်သည်၊ မည်သည့်လုပ်ဆောင်မှုများအား ခွင့်ပြုထားသည်ဆိုသည့်ကြိုတင် အသိပေးချက်များအားခရီးသွားဧည့်သည်များ၊ ဧည့်လမ်းညွှန်များသိရှိရန်ပြုလုပ်သင့်သည်။ (ဥပမာ-နတ်မတောင်သို့သွားရောက်လေ့လာခဲ့သောဧည့်သည်မှ လိပ်ပြာများအားတရားမဝင် စုဆောင်း၍ ပြည်ပသို့ ယူဆောင်သွားခြင်း)။

## လိင်အပျော်ခရီးသွားလုပ်ငန်း

- ပြည့်တန်ဆာလုပ်ငန်းနှင့်ပတ်သက်၍မည်သူ့ကို အပြစ်ပေးမည်ဟူသည့်ဥပဒေမူဘောင်များအား ပြန်လည်စစ်ဆေးကြည့်ရှုရန်၊ (ဥပမာ - လိင်လုပ်သားများ၊ ဝန်ဆောင်မှုအားဝယ်ယူအသုံးပြုသူများ၊ ၎င်းလုပ်ငန်းမှ အကျိုးအမြတ်ရရှိသူများ)။ ယခင်လိင်လုပ်သားဟောင်းများအား၎င်းတို့ဆန္ဒရှိပါက အသက်မွေးဝမ်းကြောင်းဆိုင်ရာသင်တန်းများပေးရန်။ လိင်လုပ်သားများအတွက် ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များနှင့်ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများလုပ်ဆောင်ပေးရန်။
- ခရီးသွားဧည့်သည်များအား ပြည့်တန်ဆာလုပ်ငန်းနှင့်ပတ်သက်သော တည်ဆဲဥပဒများ၊ မူဘောင်များ၊ ဖြစ်ပေါ်လာနိုင်သော နောက်ဆက်တွဲဆိုးကျိုးများနှင့် ပတ်သက်၍အသိပညာပေးရန် (ဥပမာ-ခရီးသွားလမ်းညွှန်းစာအုပ်များတွင် ထည့်သွင်းဖော်ပြခြင်း)
- ကလေးများအားအသုံးချသော လိင်အပျော်ခရီးသွားလုပ်ငန်း (child sex tourism) နှင့်ပတ်သက်၍ ခရီးသွားကုမ္ပဏီများအားအသိပညာပေးရန်၊ ၎င်းကိစ္စများကြုံတွေ့လာပါကမည်ကဲ့သို့ လုပ်ဆောင်သင့် သည်ကိုကုမ္ပဏီများအား ရှင်းလင်းသင်ပြရန်။

## ကလေးသူငယ်များ

- မိဘများ၊ ဆရာများနှင့် ကလေးများအား ကလေးသူငယ်များ၏အခွင့်အရေးများ နှင့်ပတ်သတ်၍ ပိုမိုနားလည်သဘောပေါက်စေရန်နှင့် ပညာရေးသည်ကလေးများ၏ အနာဂါတ်အတွက်မည်မျှ အရေးကြီးသည်ကို အသိပညာပေးရန်လုပ်ဆောင်သင့်သည်။
- မိဘမဲ့ဂေဟာများသို့ အဓိကသွားရောက်လေ့လာသောခရီးသွားလုပ်ငန်း (orphanage tourism) သည်ကလေးများအား ထိခိုက်နိုင်သည်၊ဆိုးကျိုးသက်ရောက်မှုများရှိနိုင်သည်ကို ခရီးသွားဧည့်သည် များနှင့် ခရီးသွားလုပ်ငန်းများမှသတိပြုမိစေရန်အတွက် ဆောင်ရွက်သင့်သည်။
- ခရီးသွားလုပ်ငန်းကဏ္ဍတွင် ထိရှလွယ်သောကလေးများ (vulnerable children) များအလုပ်အကိုင်

အခွင့်အလမ်းများပိုမိုရရှိစေရန် ကလေးသူငယ်များအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာ သင်တန်းများပို့ချသင့်သည်။

**အစိုးရနှင့် ပူးပေါင်းဆောင်ခြင်း**

- တက်ရောက်ဆွေးနွေးသူအများစုမှ ဝန်ကြီးဌာနအချင်းချင်း ပိုမိုချိတ်ဆက်ဆောင်ရွက်မှုဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ရန်လိုအပ်ကြောင်း အဆိုပြုခဲ့ကြသည်။ ဥပမာ- ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန အစရှိသည့် ဝန်ကြီးဌာနများသည် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း။

## (ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများလားလေ့လာသောအဆင့် များသက်ရောက်မှုများ

### ၁။ အထွေထွေဆွေးနွေးချက်များ

- ခရီးသွားဧည့်သည်များအရေအတွက် အဆမတန်လာရောက်လည်ပတ်ခြင်းကြောင့် ယဉ်ကျေးမှုနှင့် သဘာဝပတ်ဝန်းကျင်အမွေအနှစ်နေရာများ ပျက်ဆီးစေပြီး ကြပ်ကြပ်မတ်မတ်ထိန်းသိမ်းဆောင်ရွက် ခြင်းမရှိပါက ပိုမိုလျင်မြန်စွာ ပျက်ဆီးမှုစေနိုင်သည်။
- သင့်လျော်သော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု မရှိခြင်းကို နတ်မတောင်အားဥပမာထား၍ ဖော်ပြသည်။ နတ်မတောင်သည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရန်အတွက်လိုအပ်သော အချက်များအား ကြိုတင်ပြင်ဆင်မှုများပြုလုပ်ရာတွင် အားနည်းခြင်း (poorly-planned infrastructure development) ကြောင့် ကမ္ဘာ့သဘာဝ အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခြင်းမခံခဲ့ရပါ။ သို့သော် UNESCO၏ "*သက်ရှိများနေသည့်ကမ္ဘာ မြေပြင်အပေါ်ဆုံးအလွှာနှင့်လေထုထိန်းသိမ်းနယ်မြေ*" (biosphere reserve) အဖြစ်သတ်မှတ်ခံရ နိုင်မည့်အခွင့်အလမ်းကျန်ရှိနေသေးသည်။
- ဒေသအဆင့်တွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စုပေါင်းသက်ရောက်မှုများအား စီမံထိန်းသိမ်းမှုမရှိခြင်း (lack of management of cumulative environmental impacts) အတွက်စိုးရိမ်မိကြောင်း တက်ရောက်သူများမှဖော်ပြခဲ့သည်။ အထူးသဖြင့်ဟိုတယ်ဇုန်များအတွက် စနစ်တကျအစီအမံများ မရှိခြင်းအား စိုးရိမ်ကြကြောင်းဖော်ပြကြသည်။
- ခရီးသွားလုပ်ငန်းကဏ္ဍတွင် မြေယာဈေးကစားခြင်းများအားစိုးရိမ်ကြသည်။ အထူးသဖြင့်ဟိုတယ်ဇုန် နေရာများတွင်ဖြစ်ပေါ်နေသောမြေယာဈေးကစားခြင်းများအားပို၍စိုးရိမ်ကြသည်။

### ၂။ တက်ရောက်လာသူများမှ အကြံပြုချက်များ

**ယဉ်ကျေးမှု**

- အိမ်နီးချင်းနိုင်ငံများတွင် ယဉ်ကျေးမှုအမွေအနှစ်များကိုမည်ကဲ့သို့ ဂရုပြုထိန်းသိမ်းစောင့်ရှောက်သည် ကိုအာဏာပိုင်များမှလေ့လာသင့်သည်။ ကမ္ဘောဒီးယားနိုင်ငံရှိ အန်ကောဝပ် ကျောင်းတော်ကြီး (Angkor Wat) အားကမ္ဘောဒီးယားအစိုးရမှ မည်ကဲ့သို့ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ခဲ့သည်ကို

ဆွေးနွေး ဖော်ပြခဲ့ကြသည်။ ဥပမာ-လိုင်းကားများအား ကျောင်းတော်နေရာအနီးတွင် မောင်းနှင်ခွင့် မပြုခြင်း၊ ညဘက်ဘုရားကျောင်းများ တွင် မီးထွန်းညှိခြင်းများအားတားမြစ်ထားခြင်း။

**စီမံကိန်းနှင့်ပတ်သက်ဆက်နွယ်သူများနှင့်ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း / လယ်ယာမြေ နှင့် ဟိုတယ်ဇုန်များ/ ခရီးသွားလုပ်ငန်းနေရာများအားစီမံခန့်ခွဲခြင်း**

- လက်ရှိအခြေအနေတွင်ဟိုတယ်ဇုန်များကို ဆက်လက်လုပ်ဆောင်ရန်မသင့်ကြောင်း။ ဟိုတယ်ဇုန်များ တည်ဆောက်ခြင်းကြောင့်ဒေသခံများ၏ အသေးစား၊အလတ်စားစီးပွားရေးလုပ်ငန်းများ (၎င်းတို့သည် ဟိုတယ်ဇုန်များတွင် ရင်းနှီးမြုပ်နှံရန်မတတ်နိုင်ကြပါ) အား ဟိုတယ်ဇုန်ပြင်ပနေရာများတွင် တည်းခိုရန် နေရာများ (accommodation) တည်ဆောက်ဖွင့်လှစ်ခြင်းအားဟန့်တားခြင်းမျိုးမဖြစ်စေရန်။

- ခရီးသွားလာရေးလုပ်ငန်းများသည် ဒေသခံပြည်သူများ၏ စီးပွားရေးများကိုလည်း အကျိုးရှိစေ သင့်သည်။ ဒေသခံများသည်ဟိုတယ်များတွင် အောက်ခြေဝန်ထမ်းများအဖြစ် ခန့်အပ် လုပ်ကိုင်ခြင်း သာမ ၎င်းတို့ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများအား လုပ်ကိုင်ဆောင်ရွက်နိုင်သော အခွင့်အလမ်းများ လည်းဖြစ်ထွန်းစေသင့်သည်။

- ခရီးသွားနေရာများအားစီမံဆောင်ရွက်ခြင်း (destination management) အားရေရှည်ဆက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်များဖြစ်သော အဆောက်အဦးများ၊ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများစွန့်ပစ်မှု အားစီမံခန့်ခွဲခြင်း၊ စသည်တို့ကို စီမံကိန်းများရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားရရန်။
- စုပေါင်းသက်ရောက်မှုများလေ့လာဆန်းစစ်ရာတွင် သက်ရောက်မှုများအားမဟာဗျူဟာကျကျ လေ့လာ ဆန်းစစ်ခြင်း(strategice impact) အားထည့်သွင်းရန်လိုအပ်ကြောင်း။
- ဆန္ဒမပါသောအတင်းအဓမ္မ ပြန်လည်နေရာချထားမှုများပြုလုပ်ရာတွင် မြန်မာနိုင်ငံ၌သင့်လျော်သော စည်းကမ်းသတ်မှတ်ချက်များမရှိပါက နိုင်ငံတကာစံချိန်စံနှုန်းများအတိုင်း လိုက်နာဆောင်ရွက်ရန်။
- မြေယာများသိမ်းယူခြင်းလုပ်ငန်းစဉ်များတွင် ပွင့်လင်းမြင်သာမှုပိုမိုတိုးမြှင့်ဆောင်ရွက်ရန်။
- ရင်းနှီးမြုပ်နှံသူများမှ လူ့အသိုင်းအဝိုင်းအပေါ် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု (Corporate Social Responsibility – CSR) အတွက်ဒေသရပ်ရွာမှ ပါဝင်သောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များစုပေါင်းဖွဲ့စည်းထားသောအဖွဲ့အစည်း(multistakeholder group) မှဦးစီးသောဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအတွက်ငွေကြေး Fund သို့ မဖြစ်မနေ ထောက်ပံ့ရန်။

**သဘာဝဘေးပတ်ဝန်းကျင်**

- ဒေသခံအာဏာပိုင်များမှသဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများအားကိုင်တွယ်ဖြေရှင်းရာနိုင် ရန်အတွက် စွမ်းဆောင်ရည်ပြည့်ဝရန်လိုအပ်ကြောင်း။
- စွန့်ပစ်ပစ္စည်းများ၊အညစ်အကြေးများအား စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် စီမံခန့်ခွဲမှုများ ပြုလုပ်ခြင်း (proper waste management plan) - မီးရှို့ခြင်း၊ မြေမြုပ်ခြင်းထက်သာလွန်သော နည်းလမ်းများ

ဖြစ်ရန်။ စွန့်ပစ်ပစ္စည်းများ၊ အညစ်အကြေးများအားစနစ်တကျ စွန့်ပစ်နိုင်ရန်အတွက် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရေဆိုးရေညစ်များအားစနစ်တကျစွန့်ပစ်ခြင်း (မြစ်အတွင်းတိုက်ရိုက်စွန့်ပစ်ခြင်းမဖြစ်ရန်လို) ။

- ဟိုတယ်များအနေဖြင့် မိမိတို့လုပ်ငန်းနှင့်ဆက်စပ်၍ လုပ်ကိုင်နေသောလုပ်ငန်းများအားမိမိတို့စံချိန်စံနှုန်းများအတိုင်းလိုက်နာရန် ဖိအားပေးသင့်သည်။ ရေဆိုးရေညစ်များစွန့်ပစ်ခြင်းအား စီမံခန့်ခွဲခြင်းနှင့်ပတ်သတ်၍လည်း ဒေသခံပြည်သူများအားအသိပညာပေးရန်လိုအပ်သည်။
- ပြည်ထောင်စုအဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်တို့တွင် သဘာဝဘေးပတ်ဝန်းကျင် ကာကွယ်ခြင်းနှင့်၊ အမှိုက်သရိုက်များအား စနစ်တကျစွန့်ပစ်ခြင်းနှင့် ပတ်သက်၍အသိပေးလှုံ့ဆော်မှုလုပ်ငန်းများလုပ်ဆောင်သင့်သည်။အထူးသဖြင့် ပြည်တွင်းခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအားအတွက်အဓိကထားလုပ်ဆောင်သင့်သည်။ ခရီးသွားလုပ်ငန်းများမှလည်း ခရီးသွားဧည့်သည်များကိုယ်တိုင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန်အားပေးသင့်သည် ။ ဥပမာ- သစ်တောများအတွင်းသစ်ပင်များ ပြန်လည်စိုက်ပျိုးခြင်းဆိုင်ရာလှုပ်ရှားမှုများ။
- ဒေသခံပြည်သူများအားလည်း ဤလှုပ်ရှားမှုများတွင် ပါဝင်ရန်တိုက်တွန်းလှုံ့ဆော်သင့်သည်။ ဥပမာ -
- အမှိုက်ပုံးများတပ်ဆင်ရန်၊ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသောဒေသများတွင် အိမ်သာများအား ပြုပြင်ထိန်းသိမ်းထားရှိရန်။
- အခြားပါဝင်သော အကြံပြုချက်များများမှာ -
  - နတ်မတောင်ပေါ်သို့ တက်ရာလမ်းတွင် လမ်းအသုံးပြုခကောက်ခံရန်။
  - ဟိုတယ်များအနေဖြင့် အမှိုက်ပုံးများလှူဒါန်းခြင်း၊ တပ်ဆင်ပေးရန်နှင့်အမှိုက်ပုံးအတွင်းရှိ အမှိုက်များအားပုံမှန်စွန့်ပစ်ပေးရန်။
  - စီးပွားရေးလုပ်ငန်းများအနေဖြင့် စွန့်ပစ်လတ်စတစ်အိတ်များအား ကောက်ယူခြင်းကဲ့သို့သော လူထုလှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ရန်။
  - နိုင်ငံခြားခရီးသွားဧည့်သည်များအား ၎င်းတို့အတွက် ပြုစုထားသော Dos and Don'ts စာအုပ်ငယ်အားဖတ်ရှုရန် တိုက်တွန်းသင့်ပြီးဧည့်သည်များအား လက်ခံမည့်ဒေသခံများ အနေဖြင့်လည်းဤစာအုပ်ငယ်အား အသုံးပြုရန်တိုက်တွန်းရန်။
- စိုက်ပျိုးရေးသမားများ၊လယ်သမားများအားပိုးသတ်ဆေးနှင့်ဓာတ်မြေဩဇာများ၏ဆိုးကျိုးများအားအသိပညာပေးသင့်သည်။ ဥပမာ - အင်းလေးကန်အတွင်းနှင့်ပတ်ဝန်းကျင်။
- ကမ်းခြေဒေသများတွင် ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများ (renewables) ကို အသုံးပြုထားသည့်အမှတ်တရပစ္စည်းများအားပြုလုပ်ရောင်းချရန်လိုအားပေးရန်။
- ဥပမာ - အုန်းခွံများ၊ဈေးပေါသောကမာခွံများ၊ ရေနဂါးအကောင်အသေများ၊ ခရုခွံတို့ဖြင့်အမှတ်တရပစ္စည်းများ ပြုလုပ်ရန်။
- အသံဆူညံမှု (noise pollution) နှင့်သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှုများအားလျှော့ချရန်မော်တော်ဘုတ်ပိုင်ရှင်နှင့်မောင်းနှင်သူများ လိုက်နာရမည့် စံနှုန်းသတ်မှတ်ချက်များ၊ ကြပ်မတ်ဆောင်ရွက်မှုများထားရှိရန်။
- တောတောင်များအတွင်း ခြေလျင်ဖြင့် ခရီးသွားလာသော လမ်းကြောင်းများ (trekking route) တွင် လူအသွားအလာလမ်းကြောင်းများ သွားလာမှုထပ်မှုထုထပ်ခြင်း မရှိစေရန် ဒေသခံ

စီးပွားရေးလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များနှင့် ဒေသခံများအချင်းချင်း ညှိနှိုင်းခြင်း၊ ထင်းသုံးဆွဲမှု ပမာဏအားလျှော့ချရန်။

- ပြန်လည်အသုံးချနိုင်သော စွမ်းအင်များအား ပိုမိုအသုံးပြုရန်တိုက်တွန်းသင့်သည် (ဥပမာ- ဆိုလာပြားများနှင့် ရေအားလျှပ်စစ်မှရသောစွမ်းအားများကိုသုံးစွဲခြင်း)။ သို့သော်ငွေဆောင်ကမ်းခြေရှိ အစိုးရဌာဆိုင်ရာများမှ ဟိုတယ်များတွင် လေအားအသုံးပြု၍လျှပ်စစ်စွမ်းအင် ထုတ်လုပ်ခြင်းအား တားမြစ်ထားသည်။

## အလုပ်အကိုင်

- နိုင်ငံခြားမှအလုပ်သမားများအား အလုပ်ခန့်အပ်ခြင်းထက် ဒေသခံများအားသင်တန်းများပို့ချ၍ စွမ်းဆောင်ရည်တိုးမြှင့်ခြင်းရန်ဆောင်ရွက်ပေးခြင်းများကိုပြုလုပ်ပေးရန်။
- အလုပ်အကိုင်နှင့်ပတ်သက်သော မကျေနပ်မှုများကိုထုတ်ဖော်ပြောကြားနိုင်သော၊ တိုင်ကြားနိုင်သော စနစ်များထားရှိရန်။

## ကလေးအလုပ်သမားများ

- ဟိုတယ်နှင့်စားသောက်ဆိုင်များတွင် ကလေးအလုပ်သမားများခန့်အပ်ထားခြင်းမရှိကြောင်းကိုအသိပေး ကြော်ငြာသည့်အလေ့အထအား အားပေးတိုက်တွန်းရန်။
- ကလေးများအတွက် ဆက်လက်ပညာသင်ကြားခြင်းအား အားပေးနိုင်သည့်အချိန်ပိုင်းအလုပ်များအား ပိုမိုပေါ်ပေါက်လာရန်အားပေးရန်။

## (ဂ) တိုင်းရင်းသားလူမျိုးစုဒေသအတွင်း ခရီးသွားလာခြင်းလုပ်ငန်း

## ၁။ တက်ရောက်လာကြသူများ၏ အကြံပြုချက်ဆွေးနွေးချက်များ

- တိုင်းရင်းသားဒေသများအတွင်းဒေသခံ တိုင်းရင်းသားများပါခရီးသွားလုပ်ငန်းကဏ္ဍမှ စီးပွားရေး အကျိုးအမြတ်များအားခံစားနိုင်ရန်အတွက် လိုအပ်သောပညာရေးကဏ္ဍအား တိုးတက်စေရန်အားပေး အားမြောက်ပြုလုပ်ရန်။
- တိုင်းရင်းသားလူနည်းစုအားအနေဖြင့်၎င်းတို့၏ ဓလေ့ထုံတမ်းယဉ်ကျေးမှုများအားဖော်ထုတ်ရန်နှင့် ရိုးရာလက်မှုပစ္စည်းများအား ခရီးသွားများထံပြုလုပ်ရောင်းချရန်အတွက်အားပေးရန်။
- တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာဒေသများသို့ သွားရောက်လည်ပတ်မည့်ခရီးသွားဧည့်သည်များ အတွက် Do's & Don'ts များအား ပိုမိုနားလည်သိရှိစေရန်အတွက် အသိပေးမှုများပိုမိုလုပ်ဆောင်ရန်။
- ဒေသခံများ၏နေအိမ်များတွင်တည်းခိုခြင်း (home stay)၊ ecologes များအပါအဝင် တိုင်းရင်းသားဒေသများတွင် ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းအား တိုက်တွန်းအားပေးရန်။
- အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့်အစိုးရမှ သင်တန်းများပို့ချရာတွင် ဒေသခံများနားလည်သည့် ဒေသဘာသာစကားအားအသုံးပြုရန်နှင့် လူတိုင်းပါဝင်ဆွေးနွေးနိုင်ရန်အတွက် ပြုလုပ်ပေးရန်။
- ကန့်သတ်ထားသောနယ်မြေများသို့ ခရီးသွားဧည့်သည်များသွားလာလည်ပတ်နိုင်ရန် ခွင့်ပြုချက်များ အား အမြန်ပြီးစီးအောင် ဆောင်ရွက်ပေးရန်။

## (၄) ဒုတိယနေ့: နိုင်ငံတကာအဖွဲ့ အစည်းများ၊ သံရုံးများနှင့်ဆွေးနွေးခြင်း၊အကြံဉာဏ်ရယူခြင်း

### (က) ကဏ္ဍအဆင့် သက်ရောက်မှုများ

**၁။ အထွေထွေ ဆွေးနွေးချက်များ**

- ခရီးသွားလာရေးလုပ်ငန်းသည် မတည်ငြိမ်သောစီးပွားရေးကဏ္ဍတခုဖြစ်သည်။ခရီးသွားများ လာရောက်လည်ပတ်သည့်နေရာတစ်ခုအဖြစ် တည်ရှိနိုင်ရန်အတွက် နိုင်ငံ၏ အဖိုးတန်အရင်းအမြစ်များ၊ အလှတရားများ မပျောက်ပျက်စေရန် ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပြီး သက်ရောက်မှုများအား လည်းထိထိရောက်ရောက်၊ စနစ်တကျကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုအပ်သည်။
- အစိုးရမှငွေကြေးသုံးစွဲမှုပမာဏမြင့်မားသောခရီးသွားအနည်းစုထက် ခရီးသွားဧည့်သည်အရေအတွက် ပိုမိုများပြားလာရန်သာ အဓိကအလေးထားလျက်ရှိသည်။
- တက်ရောက်လာသူများမှ ခရီးသွားလုပ်ငန်းကဏ္ဍတွင်မြန်မာနိုင်ငံ၏ တာဝန်သိခရီးသွားလုပ်ငန်းမူဝါဒ (responsible tourism policy) အပါအဝင်မူဝါဒအများရှိကြောင်း သတိပြုမိကြသည်။ သို့သော် ဤမူဝါဒများသည် ဒေသအလိုက်၎င်းဒေသနှင့် လိုက်လျောညီထွေစွာ ချမှတ်ရေးဆွဲထားခြင်း မဟုတ်ကြောင်းနှင့် ဒေသအစိုးရမှအုပ်ချုပ်စီမံခြင်းအား ပိုမိုအားပေးသင့်ရန်နှင့်၊ ဒေသအစိုးရ၏ စွမ်းဆောင်ရည်တိုးမြှင့်ရန် လိုအပ်လုပ်ဆောင်သင့်ကြောင်း ဆွေးနွေးတင်ပြကြသည်။
- တက်ရောက်သူများကလက်ရှိအခြေအနေတွင် ဒေသခံပြည်သူများနှင့်တန်ဖိုးရှိသောဆွေးနွေးညှိနှိုင်း လုပ်ဆောင်ရာတွင် အရပ်ဘက်အဖွဲ့အစည်းများ၏ အရေးပါပုံအား ထောက်ပြပြောဆိုကြသည်။ လက်ရှိတွင် ဒေသခံပြည်သူများသည် ပါဝင်ဆွေးနွေးနိုင်သော စွမ်းဆောင်ရည်မပြည့်ဝသေးပေ။ ဒေသခံပြည်သူများ၏အသံအား ယခုထက်ပို၍ကြားသိနိုင်ရန် ပြောဆိုရန်လိုအပ်ကြောင်းဆွေးနွေးကြသည်။
- နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာသောအခါ ၎င်းတို့သည်ဒေသခံစီးပွားရေးလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်းလုပ်ဆောင်ရန်လိုအပ်လာလိမ့်မည်။
- ထို့အတွက်ကြောင့် ဒေသခံစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပွင့်လင်းမြင်သာမှုများပိုမိုရှိလာရန် လိုအပ်လာလိမ့်မည်ဟုမှတ်ချက်ပြုကြသည်။
- MCRB အားဒေသတွင်းအခြားဒေသမှ ရွှေ့ပြောင်းနေထိုင်မှုများကြောင့် ဖြစ်ပေါ်လာသော သက်ရောက်မှုများ- အခြားနိုင်ငံများတွင်တွေ့ရှိချက်များအရ အလုပ်သမားများနေရာများ ပြောင်းရွှေ့ခြင်းကြောင့်၎င်းတို့ကလေးများ၏ ပညာရေးအားထိခိုက်ခြင်းနှင့် ဘာသာရေးအရ အဆိုးမြင်များ၊ ထိခိုက်မှုများ အပါအဝင်အခြားသော ကိစ္စရပ်များအားလည်း ဆက်လက် လေ့လာရန်အကြံပြုကြသည်။
- တက်ရောက်လာသူများအနက်တစ်ဦးက ၎င်းတို့သည်မြန်မာပြည်တွင်းရှိ ဟိုတယ်အမျိုးအစားများအား လေ့လာဆန်းစစ်ခဲ့ကြောင်းနှင့် ဤတွေ့ရှိချက်စီရင်ခံစာအား ၂၀၁၄ခုနှစ် နှောင်းပိုင်းတွင်ထုတ်ပြန်မည် ဖြစ်ကြောင်းပြောကြားခဲ့သည်။

## ၂။ တက်ရောက်လာသူများ၏အကြံပြုချက်များ

### လုပ်ငန်းနှင့်ပတ်သက်ဆက်နွယ်နေသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း/စိုးရိမ်မှုများ၊မကျေနပ်မှုများအားဖော်ထုတ်ဖြေရှင်းခြင်းနည်းလမ်းများ/ မြေယာများနှင့်ဟိုတယ်ဇုန်များ

- ဟိုတယ်တည်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဆောက်လုပ်ခွင့်တောင်းခံခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရှင်းလင်းစွာဖော်ပြပေးရန်၊ထိုသို့ခွင့်ပြုရာတွင် ခွင့်ပြုချက်ရယူခြင်းအတွက်ကြာမြင့်မည့် အချိန်အတိုင်းအတာအား လည်းရှင်းလင်းစွာဖော်ပြရန်။ ဤလုပ်ငန်းစဉ်တွက် အဂတိလိုက်စားမှုအား
- တားမြစ်နိုင်ရန်ယခုထက်ပို၍ ပွင့်လင်းမြင်သာမှုရှိရန် အလွန်အရေးကြီးကြောင်းလည်း မှတ်ချက်ပြုကြသည်။
- သဘာဝဘေးပတ်ဝန်းကျင်အား မဟာဗျူဟာကျကျလေ့လာဆန်းစစ်ခြင်း (strategic environment assessment) သို့မဟုတ် သဘာဝဘေးပတ်ဝန်းကျင်၏ သက်ရောက်မှုများအားလေ့လာဆန်းစစ်ခြင်း (Environmental Impact Assessments) များပြုလုပ်ခြင်းသည် ဒေသခံလူထုနှင့်ဆွေးနွေးပွဲများပြုလုပ်ခြင်းအတွက်အထောက်အကူဖြစ်စေပြီး ဆိုးကျိုးသက်ရောက်မှုများဖြစ်ပေါ်လာခြင်းအား ဟန့်တားကာကွယ်နိုင်သည်။
- ဒေသခံပြည်သူများနှင့်ဆွေးနွေးပွဲများပြုလုပ်၍ ၎င်းတို့၏ ဟိုတယ်ဇုန်များပေါ် ထင်မြင်ယူဆချက် အသံများနားထောင်ရန်။
- မြေယာနှင့်ပတ်သက်သော ဥပဒေမူဘောင်များ အားကျယ်ကျယ်ပြန့်ပြန့်ပြုပြင်ပြောင်းလဲရန် နှင့် မြေယာနှင့်ပတ်သက်သော စာရွက်စာတမ်း၊အထောက်အထားများအား သေချာစွာထိန်းသိမ်းထားရှိသောစနစ်လိုအပ်ကြောင်း၊ အလှူရှင်အဖွဲ့အစည်းများ၏ ကူညီမှုလည်းလိုအပ်ကြောင်း အကြံပြုတင်ပြကြသည်။
- ရင်းနှီးမြုပ်နှံထားသောပစ္စည်းများအား ရောင်းချခြင်းမှရရှိသော ငွေများအပေါ်(capital gain)အခွန်ကောက်ခံခြင်း (taxation)၊ ဟိုတယ်တည်ဆောက်ရန်ပေးထားသော အချိန်အတိုင်းအတာအတွင်း ပြီးစီးအောင်တည်ဆောက်စေခြင်းများကို အသုံးပြု၍ မြေယာဈေးကစားခြင်း (land speculation) ကို တာမြစ်ထိန်းချုပ်နိုင်ရန်(ငွေဖြူလဲလှယ်ခြင်းအပါအဝင်)။
- ပြည်ထောင်စုအဆင့်၊ဒေသအဆင့်တို့တွင်အစိုးရအာဏာပိုင်များအချင်းချင်းပိုမိုပူးပေါင်းဆောင်ရွက်ရန်။
- ခရီးသွားလုပ်ငန်းစီမံကိန်းများကြောင့် ဖြစ်ပေါ်သောသက်ရောက်မှုအား ခံစားနေရသောဒေသခံလူထုအတွက်အကူညီမှုပေးနေသော အရပ်ဘက် အဖွဲ့အစည်းများ၊ သက်ရောက်မှုများအားစောင့်ကြည့်ဖော်ထုတ်သောအဖွဲ့များ (watchdogs) အား အထောက်အကူပေးရန်။

### သဘာဂဘေးပတ်ဂန်းကျင်

- ခရီးသွားလုပ်ငန်းကဏ္ဍသည် သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန်ကြိုတင်ပြင်ဆင်သော စီမံကိန်းများ (natural disaster planning) အား လုပ်ဆောင်ရန်ထည့်သွင်းစဉ်းစားရန်။ ဥပမာ - ငလျင်လှုပ်ခတ်ခြင်း၊ ဆူနာမီ၊ မုန်တိုင်းများ)။

- မီးသတ်ဌာနများအတွက် မီးဘေးအန္တရာယ်များမှ ကာကွယ်တားဆီးနိုင်ရန်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ (Fire code) (ဥပမာ - အမေရိကန်နိုင်ငံ မီးဘေးအန္တရာယ်များမှ ကာကွယ်တားဆီးရေး အသင်းအဖွဲ့မှအသုံးပြုသော Fire code ပုံစံ[1] ) လိုအပ်သည်။
- ပြည်တွင်း၊ဒေသတွင်းမှ သဘာဝပတ်ဝန်းကျင်းသက်ရောက်မှုများအား လေ့လာဆန်းစစ်မှုပြုသည့် အကြံပေးပုဂ္ဂိုလ်များ ပိုမိုလိုအပ်သည်။
- တောတွင်းတိရစ္ဆာန်များအား ထိန်းသိမ်းစောင့်ရှောက်သည့် စီမံချက်များလိုအပ်ပါသည်။
- သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်ဆောင်ရွက်နေသော အရပ်ဘက်လူ့အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန်လိုအပ်သည်။
- ဒေသအဆင့်၊ ပြည်ထောင်စုအဆင့် နေပြည်တော်တွင်ဆွေးနွေးရန်လိုသည်။
- ဟိုတယ်များ ချက်ချင်းတည်ဆောက်ပေါ်ပေါက်လာသော်လည်း ရေရယူမှု၊ လျှပ်စစ်ဓာတ်အားရယူမှု၊ အညစ်အကြေးနှင့်အမှိုက်များစွန့်ပြစ်ခြင်း၊ မိလ္လာစနစ်စသည်တို့အားထည့်သွင်းစဉ်းစားခြင်းမရှိ။
- သဘာဝဘေးပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒများအားပြန်လည်သုံးသပ်၍ သဘာဝပတ်ဝန်းကျင်းကာကွယ်ထိန်းသိမ်းရေးဆိုင်ရာလိုလပ်ချက်၊ လစ်ဟာချက်များအားဖော်ထုတ်ရန်။
- ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များအကြား သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ခြင်းအားတိုးမြှင့်ဆောင်ရွက်ရန်။
- သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်ရန်အတွက် ဘဏ္ဍာငွေရရှိနိုင်မည့် နည်းလမ်းများအားစဉ်းစားရန်။ ခရီးသွားလုပ်ငန်းမှရရှိသော အခွန်ငွေများအား စီမံခန့်ခွဲခြင်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရန် (ဥပမာ - ခရီးသွားဧည့်သည်များ ပေးဆောင်ရသောအခွန်နှင့် ဝင်ကြေးများ)
- သဘာဝဘေးအန္တရာယ် ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့်စီးပွားရေးအရမည်ကဲ့သို့အကျိုးပြုနိုင်မည်ဆိုသည့် ဆက်စပ်မှုအားလူအများ သိမြင်လာစေရန်အတွက် ရှင်းလင်းဖော်ပြရန်။

**ကလေးသူငယ်များ**

- ကလေးများအား လိင်အပျော်ခရီးသွားလုပ်ငန်းများတွင် အသုံးချခြင်း (child sex tourism) အားတားဆီးနိုင်ရန်ဒေသခံလူများ၊ ဧည့်လမ်းညွှန်များ၊ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသော စီးပွားရေးလုပ်ငန်း အကြားအသိပညာ ပေးရန်လိုအပ်ခြင်း။ တက်ရောက်လာသူများမှ "လူတွေကဒီလိုကိစ္စမျိုးတွေကို မြင်တွေ့ဘူးကြပေမဲ့ ဘာလုပ်ရမယ်မှန်း မသိကြဘူး" ဟုမှတ်ချက်ပြုကြသူများလည်းရှိသည်။ အရေးပေါ်ဆက်သွယ်နိုင်သော Hotline များထား၍ ပြည်တွင်းရဲများအား သတင်းပေးပိုနိုင်ရန်ဆောင်ရွက်ခြင်းနှင့် ရဲများ၏စွမ်းဆောင်ရေပြည့်ဝရန် လုပ်ဆောင်ခြင်း၊ ခရီးသွားဧည့်သည်များအား တားမြစ်ထားသောအချက်များနှင့်ပိတ်ပင်ချက်များအား ကြိုတင်အသိပေးခြင်း။ (Do's & Don'ts စာအုပ်ငယ်တွင်ပါသော Hotline နံပါတ်မှာ ခေါ်၍မရပါ။)
- ကလေးသူငယ်များဆိုင်ရာဥပဒေများအား ပြန်လည်သုံးသပ်၍ အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်အညီ အသက်(၁၈)နှစ်အောက်ငယ်သူမှန်သမျှ ကလေးသူငယ်အဖြစ်တရားဥပဒေအရ သတ်မှတ်ရန်။

- မိဘမဲ့ဂေဟာများသို့အဓိက သွားရောက်လည်ပတ်သည့် ခရီးသွားလုပ်ငန်းများ ကြောင့်ဖြစ်ပေါ်လာနိုင်သောဆိုးကျိုးများအား သတိပြုမိအောင်အသိပေးလုပ်ဆောင်ရန်။ မိဘမဲ့ဂေဟာများအားအစိုးရထံတွင်မှတ်ပုံတင်စေခြင်းနှင့် ၎င်းဂေဟာများအား စောင့်ကြည့်စစ်ဆေးခြင်း။ ခရီးသွားလုပ်ငန်းများနှင့်ဧည့်လမ်းညွှန်များမှမိဘမဲ့ဂေဟာများသို့ ဧည်သည်များပို့ဆောင်ခြင်းနှင့်ပတ်သက်၍ လိုက်နာရမည့်လမ်းညွှန်ချက်များထားရှိရန်၊ လိုက်နာကြရန်။
- ကလေးသူငယ်များနှင့်ထိတွေ့မှုရှိသော စေတနာ့ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များအားထားရှိရန်လိုက်နာရန်အတွက်ကြပ်မတ်ရန် ။(ဥပမာ-ဩတြေးလျနိုင်ငံတွင်ထိုသို့ စေတနာ့ဝန်ထမ်းလုပ်ဆောင်လိုသူများအား ရဲမှနောက်ကြောင်းရာဇဝင်စစ်ဆေးခြင်း)။

## လိင်အပျော်ခရီးသွားလုပ်ငန်း

- ပြည့်တန်ဆာဥပဒေအား ပြန်လည်သုံးသပ်ရန်။
- လိင်လုပ်သားများအား အပြစ်ပေးဖမ်းဆီးချုပ်နှောင်ခြင်းမပြုရန်၊၎င်းအစား လိင်လုပ်သားများအား အခြားနည်းလမ်းများ၊ အခွင့်အရေးများပေး၍ လိင်လုပ်သားများခံစားရသော သိမ်ငယ်မှု၊ စိတ်ဒဏ်ရာများအားပပျောက်အောင်အကူညီပေးရန်။ တရားဥပဒေအောက်တွင်ဘက်လိုက်မှုမရှိပဲမည်သူမဆိုတပြေညီရှိစေရန်။ကာရာအိုကေခန်းများနှင့် အနှိပ်ခန်းများအတွက်လည်း စည်းမျဉ်းများကြပ်ကြပ်မတ်မတ်ချမှတ်ဆောင်ရွက်ရန်။ ထိုနေရာများအားရှောင်တခင်ဝင်ရောက်ဖမ်းဆီးခြင်းများ၊ ဒုက္ခရောက်နေသူများအားကယ်ထုတ်ခြင်းများဆောင်ရွက်ရန်လိုအပ်သည်။

## အလုပ်အကိုင်

- ကလေးများအားအလုပ်ခိုင်းစေခြင်း အပါအဝင်အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေများအားစောင့်ကြည့်စစ်ဆေးသော အစိုးရဌာနမှတာဝန်ရှိသူများ၏ အရည်အသွေးအားအစိုးရမှအရည်အသွေးမြှင့်တင်ပေးသင့်သည်။ အခြားကုမ္ပဏီလုပ်ငန်းများ၏ဝန်ထမ်း၊ အလုပ်သမားများအားမက်လုံးပေး၍ခေါ်ယူခန့်အပ်ခြင်းများပိုမိုများပြားလာနိုင်ခြေရှိသည်။ ဒေသခံအလုပ်သမားများ၏စွမ်းဆောင်ရည်ပိုမိုပြည့်ဝရန်အတွက် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများပိုမိုတိုးမြှင့်ဖွင့်လှစ်ရန်လိုသည်။ ထို့အတူရာထူးမြင့်ဝန်ထမ်းများအတွက်လည်း နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသော အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းမျိုးလိုအပ်နေသည်။ ပြည်ပတွင်ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၌လုပ်ကိုင်လျှက်ရှိသောမြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ယူ၍ မန်နေဂျာရာထူးများပေး၍ ပြည်တွင်းတွင် ပြန်လည်ခန့်အပ်ရန်။
- အသက်မွေးဝမ်းကြောင်းသင်တန်းကြောင်းများတွင် ကျွမ်းကျင်မှုဆိုင်ရာ စံသတ်မှတ်ချက်များအားတပြေးညီ သတ်မှတ်ထားရှိရန်။ ဥပမာ လက်ရှိတွင် National Skill Standard Authority (NSSA) မှစီစဉ်ဆောင်ရွက်လုပ်ကိုင်နေသကဲ့သို့။ အလုပ်သမားအခွင့်အရေးများအား အလုပ်သမားများ၊ အလုပ်ရှင်များ အားနားလည်အောင် အသိပညာပေးခြင်းများပြုလုပ်ရန်။
- မိသားစုစီးပွားရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသူများအား တရားဝင်အလုပ်ခန့်အပ်ရန်နှင့်လုပ်ခ၊ လစာပေးရန်။

## (ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများလားလေ့လာသောအဆင့် များသက်ရောက်မှုများ

### ၁။ အထွေထွေဆွေးနွေးချက်များ

-  ဟိုတယ်ဇုန်များများပြားလာခြင်းကြောင့် ယဉ်ကျေးမှုအမွေအနှစ်နေရာဒေသများ ယိုယွင်းလာခြင်း။
-  ကမ္ဘာနေရာအနှံ့အပြားတွင်ဖြစ်ပေါ်နေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်းခရီးသွားလုပ်ငန်း တိုးတက်လာခြင်းကြောင့် လူနေအိမ်များအားပြုပြင်မွမ်းမံ၍ ခရီးသွားလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်လာသောကြောင့် ဒေသခံများအတွက်အိမ်ဈေးများ မြင့်တက်လာခြင်းများတွေ့ကြုံလာနိုင်သည်။
-  တက်ရောက်လာသူအများစုက အစိုးရဝန်ထမ်းများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းများနှင့် ပတ်သတ်သော၍လုပ်ဆောင်နေသူများမရှိသလောက်နည်းပါးသည့်အတွက်စိုးရိမ်ကြကြောင်းပြောဆိုကြသည်။ မြို့နယ်အဆင့်အစိုးရဝန်ထမ်းများသည် နေပြည်တော်မှအမိန့်ညွှန်ကြားမှုများကိုရရှိသော်လည်းအောက်ခြေတွင်မည်ကဲ့သို့ဆောင်ရွက်ရမည်ကိုသေသေချာချာမသိရှိခြင်း။
-  အစိုးရဝန်ထမ်းများနေရာများအဆက်မပြတ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းကြောင့် ခရီးသွားလုပ်ငန်းအား စီမံခန့်ခွဲရာတွင် ထိရောက်မှုမရှိခြင်း။
-  တက်ရောက်လာသူများထဲမှတဦးသည် အင်းလေးဒေသအတွင်းရွာ(၂၀)အားလေ့လာခဲ့ပြီးငင်း ရွာ (၂၀) အနက် တစ်ရွာသာလျှင်ခရီးသွားလုပ်ငန်း၏ စီးပွားရေးအကျိုးအမြတ်များရရှိခဲ့ပြီး ကျန်ရွာများတွင်မှု သောက်သုံးရေ၏အရည်အသွေး (quality) လျော့ကျလာကြောင်း။

### ၂။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ

**စီမံကိန်းနှင့်ပါဝင်ပတ်သက်သူများနှင့်ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း/ မြေယာများနှင့် ဟိုတယ်ဇုန်များ**

-  ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံခန့်ခွဲမှုရန် ဒေသအဆင့်အစိုးရအဖွဲ့များ၏ စွမ်းဆောင်ရည်အား မြှင့်တင်ပေးရန်လိုအပ်သည်။
-  ဗဟိုအစိုးရမှတိုင်းနှင့်ပြည်နယ်အစိုးရများအား လုပ်ပိုင်ခွင့်အာဏာပိုမိုပေးရန်နှင့် ၎င်းတို့၏စွမ်းရည်အား မြှင်တင်ပေးရန်လိုအပ်ပြီး ထိုသို့လုပ်ဆောင်ရာတွင် နိုင်ငံခြားအလှူရှင်များ၏ အကူအညီများလည်း လိုအပ်သည်။
-  အင်းလေးဒေသတွင် ဒေသခံများဖြင့်ဖွဲ့စည်းထားသော ရပ်ရွာကော်မတီများရှိသင့်ကြောင်း အဆိုပြုကြခြင်း။
-  ဒေသတစ်ခုတည်းအတွင်းဝန်ဆောင်မှုပေးသော လုပ်ငန်းတူစီးပွားရေးလုပ်ငန်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်ရန်လိုခြင်း (ဥပမာ - ဟိုတယ်ဇုန်များအတွင်း )။
-  ဆုံးဖြတ်ချက်များချမှတ်ရမည့်နေရာများတွင် တာဝန်ယူထားသောပုဂ္ဂိုလ်များသည် အိမ်နီးချင်းနိုင်ငံမှ အတွေ့အကြုံများအားထိတွေ့လေ့လာခွင့်ရရန်လိုသည်။
-  ဒေသတွင်း အစိုးရဌာနဆိုင်ရာများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်ရန်။
-  ပုတာအိုကဲ့သို့သော နေရာများတွင်Bed & Breakfast ဝန်ဆောင်မှုများသည် လုပ်ဆောင်သင့်ကြောင်း။
-  မြေယာနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းများအနေဖြင့် မိမိတို့၏လုပ်ငန်းလည်ပတ်မှုကြောင့် လူမှုသို့မဟုတ်သဘာဝပတ်ဝန်းကျင်တို့ကို တိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်၍ ဖြစ်စေထိခိုက်နစ်နာမှုများကို

ကြိုတင်သိရှိနိုင်ရန်စိစစ်ခြင်း၊ ထိခိုက်နိုင်သည့် အကြောင်းအခြင်းအရာများကို ကြိုတင်ကာကွယ် တားစီးရန် အစီအမံများဆောင်ရွက်ခြင်းအစရှိသည့် သင့်မြတ်လျော်ကန်အောင် ဆောင်ရွက်မှုများ လုပ်ဆောင်သင့်သည်: မြေယာရယူခြင်းလုပ်ငန်းစဉ်ချမှတ်ခြင်း၊ မြေယာသုံးစွဲမှုများအားစုံစမ်းခြင်း၊ ပိုင်ရှင်အစစ်အမှန်မည်သူဖြစ်သည်ကို စုံစမ်းခြင်းတို့အား ပါဝင်ပတ်သက်နေသူများ(stakeholders) နှင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခြင်းများမှသိရှိနိုင်မည်။

-  ထိခိုက်မှုများ၊ စိုးရိမ်မှုများကိုဖော်ထုတ်ဖြေရှင်းရန် အခြားသောနည်းလမ်းများ (greviance mechanisms) သည် အထူးသဖြင့်မြေယာများနှင့် ပတ်သတ်သော ပြဿနာများ အားဖြေရှင်းရန်လိုပြီး ထိုနည်းလမ်းများအား အများပြည်သူသိရှိရန်လည်းပြုလုပ်ရန်လိုသည်။
-  လုပ်အားပေးခရီးစဉ်များ (voluntourism) နှင့်ပတ်သတ်၍ သေချာစွာစီမံကိုင်တွယ်ရန်လိုအပ်သည်။ အဘယ်ကြောင့်ဆိုသော်ယဉ်ကျေးမှုဆိုင်ရာ သက်ရောက်မှုများဖြစ်ပေါ်စေနိုင်ခြင်းနှင့် ဒေသခံပြည်သူ များမှနိုင်ငံခြားမှလာရောက်လုပ်အားပေးသူများအပေါ် မှီခိုအားကိုးမှုများဖြစ်ပေါ်စေခြင်း ကြောင့်ရပ်ရွာ ဒေသ၏ပုံမှန်လည်ပတ်ဆောင်ရွက်မှုများအပေါ် အနှောင့်အယှက် ဖြစ်စေသည်။

**အလုပ်အကိုင်**

-  နိုင်ငံတကာစံချိန်စံနှုန်းအလေ့အထများနှင့်ကိုက်ညီရန်နှင့်ကလေးအလုပ်သမားများလုပ်ငန်းခွင် အတွင်း မရှိစေရန်။

## (ဂ) တိုင်းရင်းသားလူနည်းစုဒေသတွင်းရှိ ခရီးသွားလုပ်ငန်း

### ၁။ အထွေထွေသုံးသပ်ချက်များ

-  လုံခြုံရေးနှင့်ဆိုင်သောကိစ္စရပ်များရှိနေဆဲဖြစ်ခြင်း။ ဥပမာ-ကရင်ပြည်နယ်အတွင်း မြေမြှုပ်မိုင်းများ ဆက်လက်တည်ရှိနေခြင်း။
-  ဒေသခံတိုင်းရင်းသားများအနေဖြင့်မိမိတို့သည်ဒေသတွင်း ခရီးသွားလုပ်ငန်းတွင်ပါဝင်လုပ်ကိုင်နိုင်ခြင်း မရှိပါကအကျိုးအမြတ်များအားမခံစားရမည်ကိုစိုးရိမ်မှုများရှိခြင်း။ ထို့အပြင်အခြားဒေသမှလာရောက် ရင်းနှီးမြှုပ်နှံမှုများနှင့်အခြားဒေသများမှ လာရောက်လုပ်ကိုင်သူများကသာ အကျိုးအမြတ်ကိုရရှိမည် ကိုလည်းစိုးရိမ်ကြခြင်း။

### ၂။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ

-  ဒေသခံများအတွက် ဧည့်လမ်းညွှန်လိုင်စင်များအားရန်ကုန်သို့လာရောက်ရန်မလိုဘဲ တိုင်း/ပြည်နယ်များ အတွင်း အလွယ်တကူ ရရှိနိုင်ရန် စီစဉ်ပေးရန်။
-  တိုင်းရင်းသားလူမျိုးစုများနေထိုင်ရာနေရာများသို့ သွားရောက်လည်ပတ်ပါက တိုင်းရင်းသားများ၏ နေအိမ်များတွင် တည်းခိုနေထိုင်နိုင်ရန်စီစဉ်ပေးရန်။
-  ခရီးသွားလုပ်ငန်းများအကြောင်းကို ဒေသခံတိုင်းရင်းသားများအား အသိပေးရန်အထူးသဖြင့်ဝေးလံ သောဒေသများရှိခရီးသွားလုပ်ငန်းလုပ်ကိုင်နေသော၊ လုပ်ကိုင်ရန်အလားအလာရှိသောဒေသများရှိ

ဒေသခံများအား အသိပညာပေးရန်နှင့် ခရီးသွားလုပ်ငန်းတွင်ပိုမိုပါဝင်နိုင်ရန်၊ ဤလုပ်ငန်းမှစီးပွားရေး အကျိုးကျေးဇူးများရရှိစေရန်။

-  ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာနေရာများတွင် အဆောက်အဦးများတည်ဆောက်ခြင်းအား ကာကွယ်ရန် ဥပဒေ မူဘောင်များအားပိုမိုအားဖြည့်ရန်လိုသည်။
-  ဒေသအဆင့်ဆုံးဖြတ်ချက်ချနိုင်သည့်လုပ်ပိုင်ခွင့်အာဏာအားပိုမိုခိုင်မာရန်လုပ်ဆောင်ရန်လိုကြောင်း။
-  ခရီးသွားလုပ်ငန်းနှင့်ဆက်စပ်သူများအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းနှင့် တွေ့ဆုံခြင်းတို့ပြုလုပ်ရန် တိုက်တွန်းသင့်ကြောင်း။

## (၅) တတိယနေ့: မြန်မာ့အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း၊အကြံဉာဏ်ရယူခြင်း

### (က) ကဏ္ဍအဆင့် သက်ရောက်မှုများ

#### ၁။ အထွေထွေ ဆွေးနွေးချက်များ

-  တိုင်းရင်းသားလူမျိုးများနှင့် တိုင်းရင်းသားယဉ်ကျေးမှုများသည် ခရီးသွားလုပ်ငန်တိုးတက်အောင် ဆောင်ရွက်ရာတွင် အရေးကြီးသော အစိတ်အပိုင်းဖြစ်သော်လည်း ထိုသို့တိုးတက်လာသည်နှင့် အမျှ ဖြစ်ပေါ်လာနိုင်သောပြဿနာများလည်းရှိခြင်းကြောင့် တိုင်းရင်းသားလူမျိုးများဓလေ့နှင့် ယဉ်ကျေးမှုများ အားထိန်းသိမ်းရန်လိုသည်။
-  တက်ရောက်လာသူများကခရီးသွားလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်အပေါ်ထိခိုက်မှုများဖြစ် ပေါ်လာမည်ကိုစိုးရိမ်ကြသည် (ဥပမာ-ရေနှင့်ပတ်သက်၍၊ သားငှက်တိရစ္ဆာန်များများ အပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍)

#### ၂။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ

#### ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း

-  ဝန်ကြီးဌာနများ အချင်းချင်းပူးပေါင်းဆောင်ရွက်ခြင်းများ ပိုမိုလုပ်ဆောင်ရန်။
-  ခရီးသွားလုပ်ငန်းမှရရှိလာသော အခွန်ငွေများနှင့် ဝင်ကြေးများမှ ရရှိလာသောငွေများအား အသုံးပြုရာ တွင် ပွင့်လင်းမြင်သာမှုရှိရန်။

#### ယဉ်ကျေးမှု

-  ယဉ်ကျေးမှုဆိုင်ရာ အဆောက်အဦးများနှင့် ယဉ်ကျေးမှုဆိုင်ရာနေရာများအား ဟိုတယ်များနှင့် အခြားသော အဆောက်ဦးများအဖြစ် ပြောင်းလဲရန်မသင့်လျော်ကြောင်း။

**သဘာဝဝေးပတ်ဝန်းကျင်**

- ခရီးသွားလာရေးနှင့်ဆက်စပ်သော စီးပွားရေးလုပ်ငန်းများ၊ ဟိုတယ်များ (စီးပွားရေးလုပ်ငန်းများ၏ အရွယ်အစား ကြီးငယ်မရွေး) သဘာဝဝေးပတ်ဝန်းကျင် နှင့် လူမှုရေးဆိုင်ရာ စံချိန်စံနှုန်းများ ထားရှိရန် လိုအပ်ကြောင်း။
- စီးပွားရေးလုပ်ငန်းများသည် အခွန်ငွေများပေးဆောင်ရန်လိုအပ်ပြီး ၎င်းအခွန်ဘဏ္ဍာငွေများအား သဘာဝဝေးပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် အသုံးပြုသင့်ကြောင်း။
- ခရီးသွားလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင်၏ ရေ၊မြေ၊လေတို့ကိုအသုံးပြုခြင်းကြောင့် (Pay for Environmental Services – PES) အသုံးပြုခပေးဆောင်သင့်သည်။ ဥပမာ - အင်းလေးကန်။ ဤအသုံးပြုခနန်းထားများအားပြန်လည်ပြင်ဆင်ရန်လိုအပ်ပြီး နိုင်ငံခြားစီးပွားရေးလုပ်ငန်းများမှ မြန်မာအစိုးရထံသို့ ဝန်ဆောင်ခအား ရာခိုင်နန်းတိုးမြှင့်ပေးဆောင်သင့်ကြောင်း။

**လိင်အပျော်ခရီးသွားလုပ်ငန်း**

- လိင်လုပ်သားများအား နိုင်ထက်စီနင်းမပြုသင့်ကြောင်းနှင့် ဖမ်းဆီးချုပ်ခြင်းများမပြုသင့်ကြောင်း။
- လိင်လုပ်သားများအား ကာကွယ်နိုင်သောဥပဒေမူဘောင်များအားပိုမိုတိုးမြှင့်ပြဌာန်းသင့်ကြောင်း။

## (ခ) စီမံကိန်းအဆင့်နှင့် စုပေါင်းသက်ရောက်မှုများလားလေ့လာသောအဆင့် များသက်ရောက်မှုများ

### ၁။ တက်ရောက်လာကြသူများ၏ အကြံပြုချက်များ

**ခရီးသွားလုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်နေသူများနှင့် ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း/ လယ်ယာမြေနှင့် ဟိုတယ်ဇုန်များ**

- ခရီးသွားလာရန်နေရာသစ်များဖော်ထုတ်ရာတွင် ထိုနေရာများသည် Myanmar Tourism Master Plan နှင့် ကိုက်ညီမှုရှိရန်။
- Master Zoning Plans၊ Urban Zoning plans များနှင့်ပတ်သက်သော ဥပဒေများအား ပြန်လည်ပြင်ဆင်ရန်။
- မြေယာရယူမှုများတွင် ပွင့်လင်းမြင်သာမှုရှိအောင် လုပ်ဆောင်ရန်။
- အစိုးရအနေဖြင့် လယ်သမားများ မိမိတို၏လယ်ယာမြေများအား ထုတ်လုပ်ရောင်းချခြင်းမှ ကာကွယ်နိုင်ရန် မြေဈေးများအားထိန်းချုပ်ရန်။
- ဟိုတယ်ဇုန်တည်ဆောက်သူများသည် မြေဆီလွှာတိုက်စားခြင်း၊မြေပြိုခြင်းစသည့် မြေဆီလွှာထိခိုက်မှု များနည်းပါးအောင်ဆောင်ရွက်ရန်။
- ဒေသတွင်းခရီးသွားလုပ်ငန်း၏ တန်ဖိုးတိုးမြှင့်လုပ်ငန်းစဉ် (value chain) တွင်ဒေသအတွင်းမှ စီးပွားရေးလုပ်ငန်းများပါဝင်နိုင်ရန် ၎င်းတို့၏စွမ်းဆောင်ရည်များ မြင့်တက်လာစေရန် လုပ်ဆောင် ပေးသင့်သည်။ ဒေသခံများအား အလုပ်ခန့်အပ်ရာတွင် ဦးစားပေးခန့်အပ်ရန်၊ ဒေသခံများအား အလုပ်ခန့်အပ်ရန် ဥပဒေတွင်ကိုတာ (quota) စနစ်အားထည့်သွင်းရန် စဉ်းစားသင့်ကြောင်း။

- ကုမ္ပဏီများအနေနှင့်မိမိတို့လုပ်ငန်းများလုပ်ကိုင်နေသောနေရာများတွင်ဒေသခံများအတွက်အကျိုးအမြတ်ရှိသော ရင်းနှီးမြှုပ်နှံသူများမှ လူ့အသိုင်းအဝိုင်းအပေါ် စီးပွားရေးလုပ်ငန်းများ၏ သက်ရောက်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှု (CSR) စီမံကိန်းများအား အကောင်ထည်ဖော်ရန်။

**သဘာဝဘေးပတ်ဝန်းကျင်**

- ခရီးသွားဧည့်သည်များနှင့် ဒေသခံပြည်သူများအားအမှိုက်များအား စနစ်တကျစွန့်ပစ်ရန် အသိပညာပေးရန်။
- အင်းလေးကန်တွင်ရှိသော ဒေသခံစိုက်ပျိုးရေးသမားများ၊ လယ်သမားများအား ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်လာသော နောက်ဆက်တွဲဆိုးကျိုးများနှင့်ပတ်သက်၍ အသိပညာပေးခြင်းများအပြင်စားသုံးသူများကိုလည်း ဓာတုပစ္စည်းများပါဝင်သောအသီးအနှံများကို စားသုံးလျှင် ဖြစ်ပေါ်သောဆိုးကျိုးများကို အသိပညာပေးခြင်းများပြုလုပ်သင့်သည်ဟု အဆိုပြုကြသည်။
- ဒေသများတွင်သဘာဝဘေးပတ်ဝန်းကျင်နှင့်ဇီဝမျိုးကွဲစုံများနှင့်ပတ်သက်သောသုတေသနများပြုလုပ်ရန်အထောက်အပံ့ပိုမိုပေးရန်။

**အလုပ်အကိုင်**

- အမျိုးသမီးနှင့် အမျိုးသားဝန်ထမ်းများအကြား ခွဲခြင်းဆက်ဆံမှုများမရှိရန်အားပေးရန်။
- ခရီးသွားလုပ်ငန်းကုမ္ပဏီများအနေဖြင့် အမျိုးသမီးဧည့်လမ်းညွှန်များအတွက် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံမှုရှိစေရန်စီစဉ်ပေးသင့်ပြီး၊ တစ်ခါတစ်ရံတွင် ဒေသခံများက အမျိုးသမီးဧည့်လမ်းညွှန်များသည် လိင်ပိုင်းဆိုင်ရာ ဖျော်ဖြေမှုများလည်းပေးသည်ဟူသော ထင်မြင်ချက်များမရှိစေရန်လုပ်ဆောင်ပေးရန်။
- မသန်စွမ်းသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရန်။
- ဒေသခံအစစ်အမှန်များ အလုပ်အကိုင်ရရှိရန် အားပေးရန်။

**ကလေးအလုပ်သမားများ**

- ကလေးအလုပ်သမားများအား ပညာသင်ကြားနိုင်ရန်အတွက် အချိန်ပိုင်းအလုပ်များအားလက်ကိုင်စေရန်အတွက်တိုက်တွန်းအားပေးရန်။
- ကလေးအလုပ်သမားများအား အသက်မွေးဝမ်းကြောင်းပညာသင်ကျောင်းများတွင် တက်ရောက်ရန် တိုက်တွန်းအားပေးရန်။
- ကလေးသူငယ်များအားလူကြီးများနှင့် တန်းတူအလုပ်ခိုင်းစေခြင်းမပြုလုပ်ရန်။

## (ဂ) တိုင်းရင်းသားဒေသတွင်းရှိ ခရီးသွားလုပ်ငန်း

- မြန်မာနိုင်ငံတဝန်းလုံးတွင် (မြို့ပြများအပါအဝင်) တိုင်းရင်းသားယဉ်ကျေးမှုပေါင်းစုံရှိကြောင်းအသိအမှတ်ပြုရန်လိုသည်။ ပြည်နယ်များတွင်ရင်း ပြည်နယ်အားကိုယ်စားပြုသော တိုင်းရင်းသားလူမျိုးတစ်မျိုးတည်းသာ နေထိုင်ခြင်းလည်းမဟုတ်ပေ။
  ( ဥပမာ - ရှမ်းပြည်နယ်တွင် ရှမ်းတိုင်းရင်းသားတစ်မျိုးတည်းသာနေထိုင်ခြင်းမဟုတ်)။

- တိုင်းရင်းသားဒေသများတွင ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်နိုင်ရန် ဒေသတွင်းနေထိုင်သော ဒေသခံများ၊ တိုင်းရင်းသားလူမျိုးစုပေါင်းစုံ ပါဝင်သင့်သည်။